ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၂၃ / ၂၀၂၆**

၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ရက်

(၂၀၂၆ ခုနှစ်၊ ဇွန်လ ရက်)

## ပြည်တွင်း/ပြည်ပ အလုပ်သမားဆိုင်ရာကော်မတီဖွဲ့စည်းခြင်း

### ဖွဲ့စည်းခြင်း

၁။ အမျိုးသားလွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆၊ ၁၀၇ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ ပြည်တွင်း/ ပြည်ပ အလုပ်သမားဆိုင်ရာကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးမျိုးမင်းနောင် | ကရင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၅) | **ဥက္ကဋ္ဌ** |
| ( ခ ) | ဦးတင်မျိုးဇော် | မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၂) | အဖွဲ့ဝင် |
| ( ဂ ) | ဦးဇော်ဝင်းသန့် | ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၄) | အဖွဲ့ဝင် |
| (ဃ) | ဦးဟန်ထူး | ကယားပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၂) | အဖွဲ့ဝင် |
| ( င ) | ဦးကျော်တင် | မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၇) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (စ) | ဦးခင်မောင်မြင့် | မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၉) | အဖွဲ့ဝင် |
| (ဆ) | ဦးအောင်နိုင် | မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၃) | အဖွဲ့ဝင် |
| (ဇ) | ဦးမြင့်စန်း | မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၁၀) | အဖွဲ့ဝင် |
| (ဈ) | ဦးပြည့်ဖြိုးစံ | စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၁၁) | အဖွဲ့ဝင် |
| (ည) | ဦးဝေယံမျိုး | တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၁၂) | အဖွဲ့ဝင် |
| (ဋ) | ဗိုလ်မှူးကြီးတင်အောင်မြင့် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဌ) | ဗိုလ်မှူးပြည်ထွန်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဍ) | ဗိုလ်မှူးအောင်ခိုင်လင်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်ကြီးဒေါ်စုမြတ်ဝေ | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဦးခင်မောင်ဌေး | မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၇) | **အတွင်းရေးမှူး** |

၂။ ဤကော်မတီသည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ) အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခါတိုင်း ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီအမည်ပြင်ဆင်ခြင်းနှင့် ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်ခြင်းတို့ဆောင်ရွက်နိုင်သည်။

**ကော်မတီအစည်းအဝေးများ**

၄။ ကော်မတီအစည်းအဝေးများကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

**ကော်မတီ၏ တာဝန်များ**

၅။ ကော်မတီ၏တာဝန်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည် -

(က) အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ဆက်ဆံရေး ကောင်းမွန်ခြင်းဖြင့် တည်ငြိမ်အေးချမ်းသည့် လုပ်ငန်းခွင်သာယာမှုဖြစ်ပေါ်စေရေး၊ အလုပ်သမားများ လုပ်ငန်းခွင်ကျွမ်းကျင်မှု လေ့ကျင့်ရေး၊ အလုပ်သမားဥပဒေပါ အကျိုးခံစားခွင့်ရရှိရန် စည်းကြပ်ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် မတော်တဆ ထိခိုက်မှုလျော့နည်းကျဆင်းရေး၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ အလုပ်သမားရေးရာကိစ္စရပ်များအတွင်း ပါဝင်ဆောင်ရွက်နိုင်ရေးတို့ကို ကူညီဆောင်ရွက်ပေးရန်၊

(ခ) လူမှုဖူလုံရေး အာမခံအလုပ်သမားများအတွက် လူမှုအကာအကွယ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ကူညီဆောင်ရွက်ပေးရန်၊

(ဂ) ပြည်ပရောက်အလု ပ်သမားများနှင့်ပတ်သက်၍ ဆိုက်ရောက်နိုင်ငံများ၏ အလုပ်သမားဥပဒေ၊ လုပ်ခလစာနှင့်တကွ အခြားရပိုင်ခွင့်များကိုရရှိရေး၊ လွယ်ကူစွာ လစာငွေ ပြန်ပို့နိုင်ရေး၊ မတရားခြယ်လှယ်မှုများရှိပါက ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးကို ကူညီဆောင်ရွက်ပေးရန်၊

(ဃ) ပြည်ပနိုင်ငံများသို့ တရားဝင်သွားရောက်အလုပ်လုပ်ကိုင်သော အလုပ်သမားများနှင့် ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရအေဂျင်စီတို့အကြား ချုပ်ဆိုသော အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပါ စည်းကမ်းချက်များနှင့် ညီညွတ်မှု မရှိ၍ တိုင်ကြားလာပါက သက်ဆိုင်ရာဝန်ကြီးဌာန၊ အေဂျင်စီနှင့် ညှိနှိုင်းကူညီ ဆောင်ရွက်ပေးရန်၊

(င) မြန်မာနိုင်ငံတွင် ခေတ်နှင့်လျော်ညီမှုမရှိသည့် တည်ဆဲအလုပ်သမားဥပဒေများကို လေ့လာသုံးသပ်၍ ပြင်ဆင်နိုင်ရေး၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်၏ စံနှုန်းများနှင့်အညီ ဖြစ်ပေါ်စေရေးကို ကူညီဆောင်ရွက်ပေးရန်၊

(စ) အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုရှိလာပါက အလုပ်ရှင်၊ အလုပ်သမား အဖွဲ့အစည်းတို့ဖြင့် စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်ပြီး အဘက်ဘက်မှ ကျေနပ်မှု မရှိပါက အယူခံနိုင်ရန် အလုပ်သမားရေးရာနှင့်ဆိုင်သော ရုံးများနှင့် ဆက်စပ် ညှိနှိုင်းကူညီဆောင်ရွက်ပေးရန်၊

(ဆ) ကော်မတီ၏ လေ့လာတွေ့ရှိချက်များအပေါ် မူတည်၍ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်သို့ အဆိုတင်သွင်းရန်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၆။ ကော်မတီ၏လုပ်ပိုင်ခွင့်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည် -

(က) ကော်မတီသည် ပြည်တွင်း/ပြည်ပအလုပ်သမားအဖွဲ့အစည်းများ သို့မဟုတ် အလုပ်ရှင်အဖွဲ့အစည်းများမှတာဝန်ရှိသူများ သို့မဟုတ် ဖြေကြားနိုင်သည့် တာဝန်ရှိ ပုဂ္ဂိုလ်များကိုဖိတ်ကြားပြီး မေးမြန်းဆွေးနွေးနိုင်သည်၊

(ခ) ကော်မတီသည် အဖွဲ့ခွဲ၍ဖြစ်စေ၊ လိုအပ်သောပုဂ္ဂိုလ်များနှင့်ပေါင်းစပ်ဖွဲ့စည်း၍ ဖြစ်စေ လိုအပ်သည့် ပြည်တွင်းနေရာဒေသ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းရုံးများသို့ တာဝန်အရ သွားရောက်လေ့လာဆောင်ရွက်နိုင်သည်။ ထိုသို့ သွားရောက် လေ့လာ ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားလွှတ်တော်ရုံးသို့ ခရီးစဉ်နှင့် အုပ်ချုပ်မှုဆိုင်ရာ လိုအပ်သည်များကို ကြိုတင်ညှိနှိုင်းတင်ပြပြီး အမျိုးသား လွှတ်တော်ရုံး၏ စီစဉ် ပေးမှုဖြင့် ဆောင်ရွက်ရမည်၊

(ဂ) အလုပ်သမားဥပဒေပါ အခွင့်အရေးများကို အလုပ်သမားသမဂ္ဂများ ရရှိခံစားနိုင်မှု အခြေအနေကို စဉ်ဆက်မပြတ်လေ့လာစောင့်ကြည့်နိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ဆောင်ရွက်ထားရှိမှုအခြေအနေအား အချိန်နှင့်တစ်ပြေးညီ တောင်းဆို ပိုင်ခွင့်၊ မေးမြန်းနိုင်ခွင့်ရှိသည်၊

(ဃ) အခမ္မခိုင်းစေခံရမှုများနှင့်ပတ်သက်၍ တိုင်ကြားမှုများရရှိပါက ဖြစ်စဉ်မှန်/မမှန် စိစစ်၍ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တိုင်ကြားသူကာယကံရှင်များကို ခေါ်ယူ ကြားနာခြင်း၊ လိုအပ်ပါက ဖြစ်ပွားရာဒေသသို့ ကွင်းဆင်းစုံစမ်း စစ်ဆေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်၊

(င) ကော်မတီ၏ လေ့လာတွေ့ရှိချက်များအရ ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့ကဖြစ်စေ ပြုပြင်ပြောင်းလဲ စီစဉ်ပေးရန် သင့်သော သို့မဟုတ် လိုအပ်သလို အရေးယူဆောင်ရွက်ရန်သင့်သော တွေ့ရှိချက် များရှိပါက လွှတ်တော်ဥက္ကဋ္ဌထံသို့ သက်ဆိုင်ရာအမှုတွဲနှင့်တကွ ပြည့်စုံစွာ ပြုစု တင်ပြရမည်၊

(စ) ပြည်တွင်းပြည်ပ အလုပ်သမားအဖွဲ့အစည်းများနှင့်ပတ်သက်၍ ကော်မတီသည် လွတ်လပ်စွာ တွေ့ဆုံဆွေးနွေးခြင်း၊ အခက်အခဲနှင့်လိုအပ်ချက်များမေးမြန်းခြင်း၊ ဥပဒေနှင့်ညီညွတ်သော အကြံဉာဏ်များပေးခြင်း၊ လုပ်ငန်းတိုးတက်အောင်မြင်မှု ရှိစေရေးအတွက် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးခြင်းများ ပြုလုပ်ဆောင်ရွက် နိုင်သည်။ ဆက်သွယ်ဆောင်ရွက်လိုလျှင်ဖြစ်စေ၊ သွားရောက်လေ့လာနိုင်ရန် ဖြစ်စေ လွှတ်တော်ဥက္ကဋ္ဌထံသို့တင်ပြ၍ ဥက္ကဋ္ဌ၏ခွင့်ပြုချက်အရ အမျိုးသား လွှတ်တော်ရုံး၏ အစီအစဉ်ဖြင့်သာ တရားဝင်ဆောင်ရွက်ခွင့်ရှိသည်၊

(ဆ) ပြည်တွင်းပြည်ပ အလုပ်သမားအဖွဲ့အစည်းများက ကော်မတီ သို့မဟုတ် ကော်မတီဝင်ထံသို့ ဆက်သွယ်လာလျှင် လွှတ်တော်ဥက္ကဋ္ဌထံတင်ပြ၍ ခွင့်ပြုချက် နှင့်အညီ လက်ခံတွေ့ဆုံဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်း၊ သတင်းထုတ်ပြန်ခြင်း ပြုနိုင် သည်။ အကယ်၍ လွှတ်တော်ဥက္ကဋ္ဌ ထံသို့ တင်ပြရန် အချိန်မမီပါက တွေ့ဆုံ ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်းဆောင်ရွက်ချက်များကို လွှတ်တော်ဥက္ကဋ္ဌအား အချိန်နှင့် တစ်ပြေးညီ တင်ပြရမည်၊

(ဇ) ပြည်တွင်းပြည်ပ အလုပ်သမားအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေး ဆောင်ရွက်ချက်များအား ဦးစားပေးအစီအစဉ်အလိုက် လွှတ်တော်ဥက္ကဋ္ဌထံသို့ အစီရင်ခံစာများကို ပြုစုတင်ပြရမည်။

**ကော်မတီ၏ ရပိုင်ခွင့်နှင့်အခွင့်အရေးများ**

၇။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာ ဥပဒေပါရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်ကသတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၈။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ခ) ကော်မတီအစည်းအဝေးတက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

(ပုံ) အောင်လင်းဒွေး

ဥက္ကဋ္ဌ